# People's Defence Force (Kalay)

---

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

ဇန်နဝါရီလ ၁၂ ရက်၊ ၂၀၂၂ ခုနှစ်

၁။ ကလေးမြို့နယ် ချောင်းခွရွာဘက်မှ ဖလမ်းမြို့နယ် ဝေဘူလမြို့ဘက်သို့ ဦးတည်၍ စစ်ကြောင်းထိုးလာသော အင်အား ၂၀၀ ကျော်ပါဝင်သည့် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များကို ဇန်နဝါရီလ ၆ ရက်နေ့၌ PDF (Kalay) ၊ CNDF ၊ Zomi PDF ၊ RKDF နှင့် ပ.က.ဖ ပူးပေါင်းတပ်ဖွဲ့များက ဝေဘူလမြို့မရောက်မီ တောင်ကြောတနေရာတွင် ကြားဖြတ်တိုက်ခိုက်ခဲ့ရာ မင်းအောင်လှိုင် လက်ပါးစေ အကြမ်းဖက်စစ်သား အနည်းဆုံး ၄ ဦး သေဆုံးကြောင်းသိရသည်။ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များသည် ဇန်နဝါရီလ ၇ ရက်နေ့တွင် ဝေဘူလမြို့သို့ ရောက်ရှိပြီး ထိုမှတဆင့် ဖလမ်းမြို့ဘက်သို့ ဆက်လက်ဦးတည်၍ စစ်ကြောင်းထိုးလျက်ရှိရာ လမ်းတလျှောက်တွင် CNDF တပ်ဖွဲ့များက ဆက်လက်ခုခံတိုက်ခိုက်လျက်ရှိပါသည်။

၂။ ကလေးမြို့နယ်တောင်ပိုင်း ကျောက်ပြုတ်ရွာတွင် တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များနှင့် ပျူစောထီးများသည် အင်အား ၆၀ ခန့်ဖြင့် ယနေ့ ဇန်နဝါရီလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် အင်းကျွန်းရွာသို့ ဝင်ရောက်မီးရှို့ဖျက်စီးမှုများ ပြုလုပ်ခဲ့ပြီးနောက် ရေရှင်ရွာဘက်သို့ ဆက်လက်ဝင်ရောက်လာရာ နံနက် ၇ နာရီခွဲခန့်တွင် PDF (Kalay) တပ်ဖွဲ့များက သွားရောက်ခုခံပစ်ခတ်တိုက်ခိုက်ခဲ့ပြီး နံနက် ၁၁ နာရီခွဲခန့်အထိ တိုက်ပွဲပြင်းထန်ခဲ့ပါသည်။ တိုက်ပွဲအတွင်း ဟံသာဝတီရွာဘက်မှ စစ်ကောင်စီတပ်ဖွဲ့များက လက်နက်ကြီးပစ်ကူပေးခဲ့ပြီး နေ့လည် ၁ နာရီခန့်တွင် အကြမ်းဖက်စစ်ကောင်စီစစ်သားများနှင့် ပြူစောထီးများ ကျောက်ပြုတ်ရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက် စစ်ကောင်စီစစ်သား/ပြူစောထီး အနည်းဆုံး ၅ ဦး သေဆုံးပြီး PDF (Kalay) တပ်ဖွဲ့ဝင် ၂ ဦး လက်နက်ကြီးထိမှန်၍ ဒဏ်ရာရရှိခဲ့ပါသည်။